# မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကား၏ အလုပ်တာဝန်များလေ့လာချက်

ဇင်မာထွေး[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ‘မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကား၏ အလုပ်တာဝန်များ လေ့လာချက်” ဖြစ်ပါသည်။ ဘာသာစကားနယ်ပယ် တေးကဗျာကဏ္ဍလာ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း သီချင်းကို အတ္ထဗေဒရှုထောင့်မှ လေ့လာထားခြင်းဖြစ်ပါသည်။ အလေ့လာခံမှာ မြန်မာ့စိတ်ရင်း မြန်မာ့ ရှုခင်းသီချင်း စာသားများ ဖြစ်ပါသည်။ ပညာရပ်နည်းနာအနေဖြင့် ဘာသာစကား၏ အလုပ်တာဝန် ရပ်(၅) ကို အသုံးပြု ထားပါသည်။ သုတေသနနည်းနာအဖြစ်ရှိပြီး အချက်အလက်များအပေါ် အခြေပြုလေ့လာ နည်းနှင့် ခွဲခြမ်းစိတ်ဖြာဆန်းစစ်နည်းတို့ကို အသုံးပြုထားပါသည်။ သုတေသနမေးခွန်းအဖြစ် မြန်မာ့စိတ်ရင်း မြန်မာ့ ရှုခင်းသီချင်းတွင် ဘာသာစကား၏ အလုပ် တာဝန်များ မည်မျှပါဝင်နေသနည်း။ ထိုအသုံးများက တေးသီချင်းအတွက် မည်သည်တို့ကို ဖြစ်ပေါ်စေသနည်း’တို့ကိုတွေ့ရပါသည်။ သုတေသနပြဿနာမှာ အလေ့လာခံတေးသီချင်းတွင် ဘာသာစကား၏ အလုပ်တာဝန်များ ပါဝင်ထမ်းဆောင် နိုင်မှုရှိ၊ မရှိ ဖြစ်ပါသည်။ လေ့လာရာတွင် ဘာသာစကား၏ အလုပ်တာဝန်များသည် အကြောင်းအရာနှင့် လိုက်ဖက် မှုရှိ၊ မရှိ၊ အလုပ်တာဝန်များ ထမ်းဆောင်နိုင်မှု ရှိ၊ မရှိသုံးသပ်ခြင်းတို့ ဆောင်ရွက်ပါသည်။ တွေ့ရှိချက်မှာ အလေ့လာခံ စကားလုံးများ၏ အလုပ်တာဝန်များသည် အကြောင်းအရာနှင့် လိုက်ဖက်မှုရှိပြီး အလုပ် တာဝန်များ ထမ်းဆောင်နိုင်မှုရှိပါသည်။ တေးသီချင်းပါ စကားလုံးများကို ဘာသာစကား၏ အလုပ်တာဝန် (အတ္ထဗေဒ)ရှုထောင့်က လေ့လာလိုသူတို့အတွက် အထောက်အကူပြုမည့်စာတမ်း တစ်စောင်ဖြစ်ပြီး နိုင်ငံ့အကျိုးပြု၊ ဘာသာစကား အကျိုးပြုစာတမ်းဖြစ်ပါသည်။

**သော့ချက်စကားလုံး**- အတ္ထဗေဒ၊အသိပေးမှုတာဝန်၊ ဖော်ပြမှုတာဝန်၊ လမ်းညွှန်မှုတာဝန်၊ လောကဝတ် တာဝန်၊ အလှဖန်တီးမှုတာဝန်။

## နိဒါန်း

ဘာသာစကားဖြင့် ဖန်တီးထားသော တေးဂီတသည် လူအများကို ဖမ်းစားနိုင်စွမ်း ရှိသည်။ ခံယူချက် သဘောထားတို့ကို ပြုပြင်ပြောင်းလဲပေးနိုင်စွမ်းရှိသည်။ ထိုစွမ်းအားကို ဖြစ်ပေါ်ထက်မြက်စေသည့် ဘာသာစကားအသုံးများကို လေ့လာလိုပြီး တိုင်းပြုပြည်ပြု တေးသီချင်းအဖြစ် မည်သို့သော အလုပ် တာဝန်များက ဆောင်ကြဉ်းနိုင်မှုကို တင်ပြလိုပါသည်။

ဤစာတမ်းတွင် မြန်မာ့စိတ်ရင်း မြန်မာ့ ရှုခင်းသီချင်းမှ ဘာသာစကား၏ အလုပ်တာဝန် များကို အတ္ထဗေဒ ရှုထောင့်မှလေ့လာထားခြင်းဖြစ်ပါသည်။ အလေ့လာခံမှာ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း သီချင်း စာသားများ ဖြစ်ပါသည်။ အလေ့လာခံ စာသားများမှတစ်ဆင့် သီချင်းပါ ဘာသာစကား၏ အလုပ်တာဝန် များကို ဖော်ထုတ်တင်ပြထားသည်။ လေ့လာရာ၌ မောင်ခင်မင်(ဓနုဖြူ)၏ အတ္ထဗေဒနိဒါန်း စာအုပ်နှင့်ဂျော့ဖရီလိချ်၏ Semantics အတ္ထဗေဒစာအုပ်(၁၉၈၅) စာအုပ်ပါ ‘ဘာသာစကား၏ အလုပ်တာဝန် များကို အခြေခံထားပါသည်။

[၁] မြန်မာစာဌာန၊ရေနံချောင်းတက္ကသိုလ်။

ရည်ရွယ်ချက်မှာ 'မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကား၏ အလုပ်တာဝန်များ သည် သီချင်း၏အနက်အဓိပ္ပာယ်ကို မည်သို့ဖော်ဆောင်နိုင်ကြောင်း ဖော်ထုတ်တင်ပြလိုခြင်းဖြစ်ပါသည်။

**သုတေသနမေးခွန်းနှင့် ပြဿနာ**

(၁) မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းတွင် ဘာသာစကား၏ အလုပ်တာဝန်မည်မျှ ပါဝင်နေသနည်း။

(၂) ထိုတာဝန်အသုံးများက တေးသီချင်းကို မည်သို့ ဖြစ်ပေါ်စေသနည်း။

**သုတေသန ပြဿနာ**

အလေ့လာခံတေးသီချင်းတွင် ဘာသာစကား၏ အလုပ်တာဝန်များ ထမ်းဆောင်နိုင်မှုရှိ၊မရှိ။

**စာပေလေ့လာဆန်းစစ်ချက်**

မခင်ဌေးသန်း၏ မန္တလေးတက္ကသိုလ် ပါရဂူဘွဲ့(၂၀၂၂)ခုနှစ်အတွက် တင်သွင်းသော 'စိုင်းခမ်းလိတ်၏သီချင်းများကို အနက်အဓိပ္ပာယ်ရှုထောင့်မှ လေ့လာချက်(အတ္ထဗေဒ)နှင့် မသီတာအေး၏ မန္တလေးတက္ကသိုလ်ပါရဂူဘွဲ့ (၂၀၂၂)ခုနှစ်အတွက် တင်သွင်းသော မန္တလေးပုံရိပ်သီချင်းများမှ ဘာသာစကားအသုံးလေ့လာချက်(အတ္ထဗေဒ)ဟူသောကျမ်းများကို တွေ့ရပါသည်။ အနက်အဓိပ္ပာယ် အမျိုး အစားများ ရှုထောင့်မှ ချဉ်းကပ်ထားကြပြီး ယခုစာတမ်းပါ ချဉ်းကပ်မှုရှုထောင့်နှင့်မတူညီပါ။ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းကို အတ္ထဗေဒရှုထောင့် ဘာသာစကား၏ အလုပ်တာဝန်များ (အတ္ထဗေဒ) အရ သုတေသနပြုလေ့လာထားခြင်း မရှိသေးပါ။

## နည်းနာ

**ပညာရပ်နည်းနာ**

**(က)အတ္ထဗေဒဟူသည်**

အတ္ထဗေဒကိုဦးဟုတ်စိန်၏ပါဠိ-မြန်မာ အဘိဓာန် (၁၉၉၉)တွင် အတ္ထ-(ပါ)အနက်(စာ၃၇) ဟုလည်းကောင်း၊ ဦးထွန်းမြင့်၏ ပါဠိသက်ဝေါဟာရ အဘိဓာန် (၁၉၆၈)တွင် 'ဗေဒ- ပညာ(စာ၂၀၁)' ဟုလည်းကောင်း ဖွင့်ဆိုထားချက်များရှိပါသည်။ ထိုဖွင့်ဆိုချက်များအရ အတ္ထဗေဒဟူသည် အနက်အဓိပ္ပာယ်ကို လေ့လာသော ပညာရပ်ဟု သတ်မှတ်နိုင်ပါသည်။

ထို့ပြင်မောင်ခင်မင်(ဓနုဖြူ)၏ အတ္ထဗေဒ နိဒါန်းစာအုပ်(၂၀၁၇)တွင်

> **အတ္ထဗေဒဟူသည် အနက်အဓိပ္ပာယ်ကို လေ့လာသောဘာသာရပ်ဖြစ်သည်။ ဘာသာစကားတစ်ခု နယ်ပယ်အတွင်း စကားလုံးများ၏ အနက်အဓိပ္ပာယ်ချင်း ဆက်သွယ်မှုများ၊ ဝါကျများ၏ အနက် အဓိပ္ပာယ် ဆက်သွယ်မှုများသည် အတ္ထဗေဒ၏ အလုပ်တာဝန်များ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။** (စာ ၁၅)

ဟုလည်းကောင်း၊ ပါလ်မား၏အတ္ထဗေဒ (၁၉၈၁) စာအုပ်တွင် "**အတ္ထဗေဒသည် ဘာသာစကားများကို သိပ္ပံနည်းကျလေ့လာသော ဘာသာဗေဒပညာရပ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။"** ဟုလည်းကောင်း၊ အောက်စဖို့ဒစ်ရှနရီ(Oxford Dictionary) စာအုပ်တွင် "**ဘာသာဗေဒ၏ ကဏ္ဍခွဲတစ်ခုဖြစ်ပြီး စကားလုံးများနှင့် ၎င်းတို့ကြားရှိ အနက်အဓိပ္ပာယ် ဆက်နွယ်မှုများကို ယုတ္တိနည်းကျကျ ခွဲခြမ်းစိတ်ဖြာ လေ့လာသော ပညာရပ်ဖြစ်သည်**" ဟုလည်းကောင်း ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် အတ္ထဗေဒဟူသည် ဘာသာ ဗေဒ၏ကိုင်းခွဲတစ်ခုဖြစ်ပြီး ဘာသာစကား အတွင်းရှိ အနက် အဓိပ္ပာယ်များကို သိပ္ပံနည်းကျကျ လေ့လာသောပညာရပ်ဟု သတ်မှတ်ပါသည်။

**(ခ)အလုပ်တာဝန်များ**

အတ္ထဗေဒတွင် ဘာသာစကား၏အလုပ်တာဝန် (၅) ရပ် ရှိပါသည်။ ၎င်းတို့မှာ

(၁) အသိပေးမှုတာဝန် (informational function)

(၂) ဖော်ပြမှုတာဝန် (expressive function)

(၃) လမ်းညွှန်မှုတာဝန် (directive function)

(၄) လောကဝတ်တာဝန် (phatic function)

(၅) အလှဖန်တီးမှုတာဝန် (aesthetic function)

တို့ ဖြစ်ကြသည်။

လိချ်က **အသိပေးမှုတာဝန်သည် ဘာသာစကားတွင် အလွန်အရေးကြီးပါသည်။အကြောင်းအရာ တစ်ခုပေါ်တွင် အခြေခံ၍အသိပေးခြင်းဖြစ်သည်။ ဘာသာစကား၏အနက်ရိုး (ပညတ်အနက်)ကို အခြေခံ၍ အသိပေးခြင်းလည်း ဖြစ်ပါသည်။** (Leech, 1974, p 47)ဟု ဆိုပါသည်။

ဖော်ပြမှုတာဝန်နှင့်ပတ်သက်၍ ဒေါက်တာခင်အေး၏ အတ္ထဗေဒနိဒါန်းစာအုပ်(၂၀၀၈)တွင် **ဖော်ပြမှုတာဝန်သည် ပြောသူ၊ ရေးသူတို့၏ ခံစားမှု၊ သဘောထားတို့ကို ဖော်ပြမှုနှင့် သက်ဆိုင်သည်။** (စာ ၄၂) ဟု ဖွင့်ဆိုထားသည်။

လမ်းညွှန်မှုတာဝန်ကို ဒေါက်တာခင်အေး၏ အတ္ထဗေဒနိဒါန်းစာအုပ်(၂၀၀၈)တွင် **လမ်းညွှန်မှုတာဝန်သည် ပြောသူ၊ရေးသူက နာသူဖတ်သူကို လွှမ်းမိုးလမ်းညွှန်မှုနှင့် သက်ဆိုင်သည်။** (စာ ၄၃) ဟု ဖွင့်ဆိုထားသည်။

လောကဝတ်တာဝန်ကို ဒေါက်တာခင်အေး၏ အတ္ထဗေဒနိဒါန်းစာအုပ် (၂၀၀၈)တွင် **လောကဝတ်တာဝန်သည် ပြောသူ၊နာသူတို့၏ ဆက်သွယ်ရေး လမ်းကြောင်းပွင့်စေရန် အသုံးပြုမှုနှင့် ဆိုင်သည်။** (စာ ၄၄) ဟု ဖွင့်ဆိုထားသည်။

အလှဖန်တီးမှုတာဝန်နှင့် ပတ်သက်၍ ဒေါက်တာခင်အေး၏ အတ္တဗေဒနိဒါန်းစာအုပ် (၂၀၀၈)တွင် **'အလှဖန်တီးမှုတာဝန်သည် ပြောဆိုရေးသားသည့် ဘာသာစကားကို နှစ်သက်ဖွယ် ဖြစ်အောင် လှလှပပ သုံးခြင်းနှင့်ဆိုင်သည်။** (စာ ၄၅)ဟု ဖွင့်ဆိုထားသည်။

ဤစာတမ်းတွင် ဘာသာစကား၏ အလုပ်တာဝန်များကို အထက်ပါဖွင့်ဆိုချက်များအရ လေ့လာ တင်ပြမည် ဖြစ်ပါသည်။

## သုတေသနနည်းနာ

သုတေသနနည်းနာမှာ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့က ပြုစုထုတ်ဝေသော 'ဘာသာ စာပေနှင့် လူမှုရေးသိပ္ပံသုတေသန ပြုလုပ်နည်းအခြေခံများ'စာအုပ်'ပါ အချက်အလက် ကောက်ယူ စုဆောင်းနည်းမှ 'ရှိပြီးအချက်အလက်များအပေါ် အခြေပြုလေ့လာခြင်းနည်း' (use of available data) ကို အသုံးပြုထားပါသည်။ သုတေသနဒီဇိုင်းမှာ သရုပ်ဖော်ခြင်းဆိုင်ရာ သုတေသနဒီဇိုင်း 'descriptive research design' ဖြစ်ပါသည်။

## လေ့လာတွေ့ရှိချက်

လူ့အဖွဲ့အစည်းအတွင်း မရှိမဖြစ်သော ဘာသာစကား၏ အလုပ်တာဝန်ထမ်းဆောင်နိုင်မှုသည် လွန်စွာ အရေးကြီးလှပါသည်။ စကားလုံးများတွင် ခွန်အားများရှိပါသည်။ ထိုခွန်အားများကို ဖြစ်ပေါ် စေသည့် ဘာသာစကား၏ အလုပ်တာဝန် ထမ်းဆောင်မှုများသည် လွန်စွာအရေး ပါပါသည်။

ထို့ကြောင့် ဤစာတမ်းတွင် 'မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း' သီချင်းမှ ဘာသာစကား၏ အလုပ်တာဝန်များကို အတ္တဗေဒရှုထောင့်မှ လေ့လာတင်ပြခြင်း ဖြစ်ပါသည်။

### (က) မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်း၏ အကြောင်းအရာချုပ်

မြန်မာ့ရေမြေရှိ သဘာဝတောတောင်ရှုခင်းများသည် ဆေးရောင်စုံခြယ် ပန်းချီကားကဲ့သို့ စိမ်းစို လှပလှပါသည်။ သဘာဝရှုခင်း မြင်ကွင်းများတွင် မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံလှုပ်ရှားမှုများ၊ အလှူဒါန ပွဲလမ်းသဘင်များကလည်း ပိုမိုအသက်ဝင်စေလျက်ရှိပါသည်။ ပြုပြင်ထားခြင်းမရှိ။ သဘာဝအတိုင်း ဖြစ်ပြီးပကာသနမရှိပါ။ ရှေးဘိုးဘွားတို့၏ အမွေအနှစ်တို့ဖြင့် ရွှေရောင်တောက်ပ လှပနေသော မြန်မာ့ ရှုခင်းများကဲ့သို့ မြန်မာလူမျိုး၏ ဟန်ဆောင်ခြင်းမရှိ ရိုးသားလှသော စိတ်နေစိတ်ရင်းတို့ကို ခရီးသွား များအနေဖြင့် သိစေချင် ကြည့်စေချင်မိပေသည်။ ကြည့်လှည့် ရှုလှည့်ရန် ဖိတ်ခေါ်ပါသည် ချစ်သော ခရီးသည်။

## အသိပေးမှုတာဝန်

မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းတွင် အသိပေးမှုတာဝန်ထမ်းဆောင်သော ဘာသာစကား အသုံးများကို တွေ့ရပါသည်။

> တစ်ရောင်ထဲမခြယ် ...အရောင်ဝဲ . . လည် . .
> တောနဲ့တောင်စွယ် လယ်ယာတလင်း...

ရှုခင်းတွေက စုံလင်ပေတယ်
………စေတီပုထိုး ဂူအမျိုးမျိုး ဘိုးဘွား တည်ထားပါတယ် . ဒို့ .
……တန်ဆောင်းပြာသာဒ် ကျောင်းဇရပ်တွေနဲ့…

ဟူ၍ဖွဲ့ဆိုထားရာ တောာ၊ တောင်၊ လယ်ယာ၊ စေတီပုထိုး၊ ဂူ၊တို့ဘိုးဘွား၊ တန်ဆောင်း ပြသာဒ်၊ ကျောင်း ဇရပ်ဟူသော မြန်မာ့ရေမြေတွင် တည်ရှိနေသော အရာတို့ကို အသိပေး တင်ပြထားသည့် စကားလုံးတို့ကို တွေ့ရပါသည်။

ထိုဘာသာစကားအသုံးများက မြန်မာ့ရေမြေ၏ သာယာလှပမှု၊ သဘာဝတရား၏ ဖြစ်တည်နေမှု တို့ကို သိရှိစေရန် ဖော်ဆောင်ပေးနေပါသည်။

| **စဉ်** | **စကားလုံး** | **အနက်** | **တာဝန်** | **ဆက်သွယ်နက်** |
|---|---|---|---|---|
| ၁။ | ရွှေကိုယ်ရွှေမေး ရွှေကိုယ်လေး ရွှေသူငွေးတို့ | ရွှေဟူသော သတ္တုရတနာတစ်မျိုးကို များပြားစွာပိုင်ဆိုင်သူ | အသိပေးမှု | ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာ သော၊အဆင့်အတန်းမြင့်မား သောလူမျိုး |
| ၂။ | အလှူရေစက် လက်နဲ့မကွာ | လှူဒါန်းမှုတိုင်းအတွက် ရေစက်ချခြင်းများ အဆက်မပြတ်ပြုလုပ်ရခြင်း | အသိပေးမှု | ကောင်းမှုကုသိုလ်တို့ကို အဆက်မပြတ် ပြုလုပ်တတ်သော လူမျိုး |
| ၃။ | ဖန်ဆင်းသည့် ပရိယာယ် မရှိတယ် | တုပပြုလုပ်ထားခြင်း မရှိ | အသိပေးမှု | ရိုးသားသော၊ပကတိအရင်းခံ စိတ်ထားတို့ဖြင့်သာ ပြုမူနေထိုင်တတ်သော လူမျိုး |

အလေ့လာခံစာသားများတွင် အသိပေးမှုတာဝန် ထမ်းဆောင်သော စကားလုံး(၃၉)လုံး တွေ့ရပါသည်။ (၂၅)%ဖြစ်ပါသည်။ ထိုအသုံးများအရ ဖြူစင်ရိုးသားသော၊ပကာသနမစွက် အေးချမ်း တည်ငြိမ်သော မြန်မာ့တို့၏စိတ်ရင်းနှင့် ဆေးရောင်စုံ ပန်းချီကားကဲ့သို့ လှပလွန်းသည့် တောတောင် သဘာဝများတည်ရှိရာ မြန်မာ့ရှုခင်းတို့၏ ဖြစ်တည် ပိုင်ဆိုင်နိုင်မှုကို ပိုမိုရုပ်လုံးကြွလာစေပါသည်။ မြင်ကွင်းသရုပ်ကို မျက်မြင်တွေ့ရှိရသကဲ့သို့ သိရှိလာစေပါသည်။

**ဖော်ပြမှုတာဝန်**

မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းတွင် မြန်မာတို့၏ ခံစားမှုကိုဖော်ပြနေသော စကားလုံး များကို တွေ့ရပါသည်။

စိမ်းမြမြ ယိမ်းကသလိုနှယ်
ပင်ပျိုပင်အို တို့အလယ်
ရှုလေချစ်သော ခရီးသည်…

ဟူ၍ဖွဲ့ဆိုထားရာ'ယိမ်း'ကသလိုနှယ်'၊ 'ချစ်' ဟူသော ခံစားမှုအနက်ထင်ဟပ်သော စကားလုံးတို့ကို တွေ့ရပါသည်။

မြန်မာအဘိဓာန်တွင်

**'ယိမ်း၊ကြိ-၁၊ တည့်မတ်ခြင်းမရှိ၊ တိမ်းစောင်းသည်။ ၂၊ ရှေ့နောက်ဝဲယာ တိမ်းညွတ်သည်။ န- စုပေါင်း၍ ညီညီညာညာ ကပြသော အကတစ်မျိုး (စာ၃၀၂)**

ဟုလည်းကောင်း၊ 'က' ကို

**က၊ ကြိ- ခေါင်း၊ခါးခြေလက် စသည်တို့ကို ရှုချင်စဖွယ် ညွတ်ကွေးလှုပ်ရှားပြသည်။(စာ၁)**

ဟုလည်းကောင်း ဖွင့်ဆိုထားပါသည်။

ဖွဲ့စပ်ထားသော ဘာသာစကားအသုံးအရ သစ်ပင်ကြီးငယ်တို့ လေတိုက်ခတ်ရာသို့ လိုက်ပါ ယိမ်းညွတ်နေရခြင်းအပေါ် ကြည့်ရှုချင်စဖွယ် ယိမ်းအကတစ်မျိုးသဖွယ် ခံစားရကြောင်း ဖော်ညွှန်းထားခြင်း ဖြစ်ပါသည်။ ထိုဘာသာစကားအသုံးက ရေမြေသဘာဝအလှကို နှစ်သက်တတ်သော မြန်မာလူမျိုးတို့၏ခံစားမှုကို ထင်ဟပ်စေပါသည်။ ထို့ကြောင့် ဖော်ပြမှုတာဝန် ထမ်းဆောင်သော ဘာသာစကားအသုံးဖြစ်ပါသည်။

တဖန် 'ချစ်' ဟူသောစကားလုံးကို 'မြန်မာအဘိဓာန်တွင် **ချစ် ၊ကြိ-မေတ္တာရှိသည်။ ခင်သည်။ (စာ ၆၃)** ဟုလည်းကောင်း၊ **ခရီးသည်/ ခယီးသယ်/- န- ခရီးသွားသူ (စာ ၄၇)** ဟုလည်းကောင်း ဖွင့်ဆိုထားပါသည်။

အဆိုပါ ဖွင့်ဆိုချက်များအရ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော ကမ္ဘာလှည့်ခရီးသွားများအပေါ် ထားရှိသော မြန်မာလူမျိုးတို့၏ ခင်မင်တတ်သော ချစ်ခင်တတ်သော မေတ္တာခံစားချက်ကို ထင်ဟပ်နေသော ဘာသာစကားအသုံး ဖြစ်ပါသည်။

အထက်ပါ ခံစားမှုကို ဖော်ပြနေသော ဘာသာစကားအသုံးများက သက်မဲ့ဖြစ်သော ရေမြေ တောတောင် သဘာဝအလှတရားကို ချစ်ခင်နှစ်သက်ခံစားတတ်သော၊ မြတ်နိုးတန်ဖိုးထားသော၊ သက်ရှိလူသားအချင်းချင်း မခွဲမခြားတစ်သားတည်း မေတ္တာစိတ်ထား၍ ချစ်ခင်တတ်သော မြန်မာတို့၏ နှလုံးသားအလှကို ဖော်ညွှန်းနေသည့် ဖော်ပြမှုတာဝန်အသုံးများ ဖြစ်ပါသည်။

| စဉ် | ဘာသာစကားအသုံး | အနက် | တာဝန် | ဆက်သွယ်နက် |
|---|---|---|---|---|
| ၁ | ယိမ်းကသလိုနှယ် | ယိမ်းအက ကနေသကဲ့သို့ | ဖော်ပြမှု | သီးနှံပင်များ၊ သစ်ပင်သစ်ရွက်များ လှုပ်ရှားနေပုံအပေါ် ယိမ်းသမလေးများ ညီညာစွာ ကပြနေကြသကဲ့သို့ နှစ်သက်သောခံစားမှု |
| ၂ | ချစ်သောခရီးသည် | ချစ်ခင်ရသော ခရီးသွားသူ | ဖော်ပြမှု | မိမိတို့ရေမြေသို့ အလည်အပတ်လာသည့် ခရီးသွားတို့အပေါ် ချစ်ခင်သော ခံစားမှု |

အလေ့လာခံစာသားများတွင် ဖော်ပြမှုတာဝန်ထမ်းဆောင်သော စကားလုံး(၄၆)လုံး တွေ့ရပြီး (၃၀)% ရှိပါသည်။ ထိုအသုံးများအရ မြန်မာတို့၏ သဘာဝတရားနှင့် လူသားအချင်းချင်းအပေါ် ချစ်ခင်မြတ်နိုးတတ်သော ၊ နူးညံ့သော သဘောထားခံစားချက်များကို ပေါ်လွင်လာ စေပါသည်။

## လမ်းညွှန်မှုတာဝန်

အလေ့လာခံ'မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း'သီချင်းတွင် လမ်းညွှန်မှုတာဝန်ထမ်းဆောင်သည့် စကားလုံးတို့ကို တွေ့ရပါသည်။

အသင်းအပေါင်း **ကြည့်လေကွယ်**

**ကြည့်လေကွယ် သိစေမယ်** . .

ဟန် . . မာန် . . မတင်း . . မပြင်း . .

ဖန်ဆင်းသည့် ပရိယာယ်မရှိတယ်

**လာလေ့** ညှော့်သည်.. . . . **ရှုလေ့** ညှော့်သည် . .

ကမ္ဘာထုအတွင်း . . ပမာပြု ရင်း . .

မြန်မာရှုခင်း . . မြန်မာစိတ်ရင်း အစင်း**သိရမယ်**. . ဟူသောအသုံးတို့တွင် 'ကြည့်လေကွယ်၊ သိစေမယ်၊ လာလေ့၊ရှုလေ့၊သိရမယ် စသည့်အသုံးတို့က လမ်းညွှန်မှုတာဝန်ထမ်းဆောင်နေပါသည်။ မြန်မာ့ရေမြေ တောတောင်သဘာဝရှုခင်းတို့ကို ကြည့်ရှုစေရန် တိုက်တွန်းထားသည့်အသုံးများ ဖြစ်ပါသည်။

အထက်ပါသာဓကများပါ တိုက်တွန်းလမ်းညွှန်ထားချက်များအရ မြန်မာနိုင်ငံရှိ ရုပ်ပိုင်း ဆိုင်ရာဖြစ်တည်မှုများ၊ စိတ်ပိုင်းဆိုင်ရာ မြင့်မားသည့် ယဉ်ကျေးမှုများရှိကြောင်း၊ ထိုအရာများကို တစ်နည်းအားဖြင့် မြန်မာ့ရှုခင်းနှင့် မြန်မာ့စိတ်ရင်းတို့ကို သိမြင်အောင် ကြည့်ရှုကြစေလိုကြောင်း အလေးအနက် တိုက်တွန်းဟန် ပေါ်လွင်စေပါသည်။

| စဉ် | ဘာသာစကား အသုံး | အနက် | တာဝန် | ဆက်သွယ်နက် |
|---|---|---|---|---|
| ၁ | ကြည့်လေကွယ် | ကြည့်ပါ။ | လမ်းညွှန်မှု | မြန်မာလူမျိုး၊မြန်မာ့ရေမြေသဘာဝ တို့ကို လက်တွေ့ ကြည့်ရှုလိုစိတ် ဖြစ်ပေါ်စေ |
| ၂ | လာလေ့ | လာပါ။ | လမ်းညွှန်မှု | မြန်မာလူမျိုး၊မြန်မာ့ရေမြေသဘာဝ တို့ကို လက်တွေ့ကြည့်ရှုလိုစိတ် ပိုမိုဖြစ်ပေါ်စေ |

အလေ့လာခံစာသားများတွင် လမ်းညွှန်မှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံး (၇)လုံး တွေ့ရပြီး(၅)%ရှိပါသည်။ ထိုအသုံးများအရ မိမိတို့၏ရေမြေတောတောင် သဘာဝအလှများ၊ နှလုံးသားစိတ်ရင်းများနှင့် ယဉ်ကျေးမှုထုံးစံများကို အခြားသူများကို ရှုမြင်သွားစေချင်၊ သိမြင်နားလည်စေချင်သည့် စိတ်စေတနာစေ့ဆော်မှု၊ တိုက်တွန်းမှုတို့ကို ပေါ်လွင်စေပါသည်။

**လောကဝတ်တာဝန်**

အလေ့လာခံ'မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း'သီချင်းတွင် လောကဝတ်တာဝန်ထမ်းဆောင်သည့် ဘာသာစကား အသုံးတို့ကို အနည်းငယ်သာ တွေ့ရပါသည်။

တစ်ရောင်ထဲမခြယ် ...အရောင်ဝဲ . . လည် . .

တောနဲ့တောင်စွယ် လယ်ယာတလင်း... ရှုခင်းတွေက စုံလင်ပေတယ်

ရှေးမူမပျက်တယ် ဆေးကူချက်ကယ်...စိမ်းမြမြ ယိမ်းကသလိုနှယ်

ပင်အို ပင်ပျိုတို့အလယ် . .**ရှုလေ ချစ်သော ခရီး . . . သည် . .**

အထက်ပါအသုံးတွင် မြန်မာ့ရေမြေသဘာဝကို ဖော်ပြရင်း 'ချစ်သောခရီးသည်'ဟု အာလုပ် ပြုခေါ်ဝေါ်လိုက်ခြင်းသည် လောကဝတ် ပြုလိုက်ခြင်းပင် ဖြစ်ပါသည်။ ထိုအသုံးက ခင်မင် တတ်သော ဖော်ရွေသော မြန်မာလူမျိုးတို့၏ စိတ်ရင်းကိုလည်း ပေါ်လွင်စေပါသည်။

အလေ့လာခံစာသားများတွင် လောကဝတ်တာဝန်ထမ်းဆောင်သော ဘာသာစကားအသုံး (၄)လုံးတွေ့ရပြီး(၃)%ရှိပါသည်။ ထိုအသုံးများက ကြားလိုက်ရသူနှင့် မြန်မာတို့ကို ဆက်သွယ်ရေး လမ်းကြောင်းပွင့်သွားစေသော ဘာသာစကား အသုံးဖြစ်ပါသည်။

| စဉ် | ဘာသာစကား အသုံး | အနက် | တာဝန် | ဆက်သွယ်နက် |
|---|---|---|---|---|
| ၁ | ချစ်သောခရီးသည် | ချစ်ခင်ရသောခရီးသွား | လောကဝတ် | ကမ္ဘာလှည့်ခရီးသွားများ အပေါ် ချစ်ခင်တတ်သော မြန်မာတို့၏ စိတ်ရင်း |


**အလှဖန်တီးမှုတာဝန်**

အလေ့လာခံ'မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း' သီချင်းတွင် အလှဖန်တီးမှုတာဝန်ထမ်းဆောင်သော ဘာသာစကား အသုံးများစွာကို တွေ့ရပါသည်။ တေးသီချင်းဖြစ်သည့်အတွက် ပါဝင်သည့် စာသားများသည် အလှဖန်တီးမှုတာဝန်ထမ်းဆောင်နိုင်ကြောင်း တွေ့ရပါသည်။

အလေ့လာခံစာသားများတွင် အလှဖန်တီးမှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံး (၅၉) လုံးတွေ့ရပြီး(၃၈)%ရှိပါသည်။ အလှဖန်တီးမှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံးသည် အများဆုံးဖြစ်ပါသည်။ ထိုအသုံးများက တေးသီချင်းကို ပိုမိုနှစ်သက်လာစေသည်။ နားဆင်ရသူကို အာရုံပိုမိုစူးစိုက်လာစေသည်။ အနက်ပေါ်လွင်မှုကို ပိုမိုလွယ်ကူစေသည်။

အထက်ပါလေ့လာချက်များအရ 'မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း' သီချင်းမှဘာသာစကား၏ အလုပ် တာဝန်များသည် မြန်မာတို့၏ ဖြူစင်ရိုးသားသော စိတ်နေဂုဏ်ရည်များနှင့် သဘာဝရေမြေ တောတောင် တို့အပေါ် ချစ်မြတ်နိုးသော ခံစားမှုသဘောထားများ၊ သမိုင်းအစဉ်အဆက် ကြွယ်ဝချမ်းသာခဲ့သော

လူမှုအဆင့်အတန်း၊ ရင်းနှီးဖော်ရွေသော လူမှုသဘောထားတို့ကို ပေါ်လွင်စေသည့် မြန်မာလူမျိုးတို့၏ ဂုဏ်ယူမြတ်နိုးဖွယ် သမိုင်းကြောင်း ကြီးမြတ်မှုတို့အပေါ် လေးစားမှုဖြစ်ပေါ်စေသည့် ဘာသာစကား အသုံးများဖြစ်ကြောင်း သုံးသပ်ပါသည်။




## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကား၏ အလုပ်တာဝန်များကို အတ္ထဗေဒ ရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကားအသုံးများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုများတွင် ဘာသာစကား၏ လုပ်ငန်းတာဝန်(၅)ရပ်လုံး ပါဝင်ကြောင်း တွေ့ရပါသည်။ အများဆုံးတွေ့ရသော အလုပ်တာဝန်မှာ အလှဖန်တီးမှုတာဝန် ဖြစ်ပြီး အနည်းဆုံးမှာ လောကဝတ်တာဝန် ဖြစ်သည်။

အသိပေးမှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံးများက မြန်မာ့ရေမြေနှင့် တောတောင်သဘာဝတို့၏ သာယာလှပစွာတည်ရှိမှု၊ မြန်မာတို့၏ ပျော်မွေ့ဖွယ်ဓလေ့စရိုက် သဘာဝများကို သိရှိခံစားလာမိစေပါသည်။

ဖော်ပြမှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံးများက မြန်မာတို့၏ အရင်းခံစိတ်ရင်းကို ပေါ်လွင်စေသည်။ မြန်မာလူမျိုးတို့၏ ယုံကြည်ကိုးကွယ်မှုပြယုဂ်များ၊ ချစ်စဖွယ်တောဓလေ့ သဘာဝများ၊ မြန်မာ့လူ့အဖွဲ့အစည်း၏ စုပေါင်းလုပ်ဆောင်တတ်မှုများ၊ အလှူအတန်းရက်ရောသော မြန်မာတို့၏ သဒ္ဓါတရားနှင့် မြန်မာ့ယဉ်ကျေးမှု အငွေ့အသက်များ၊ ကောင်းမှု မြတ်နိုးသော၊ မိမိတို့၏ ကောင်းမြတ်မှု အပေါ် မည်သူ၏ အဖျက်အဆီးကိုမျှ မခံသော မြန်မာတို့၏ ခိုင်ကျည်သော စိတ်ဓာတ်၊ ဂုဏ်ဒြပ်ဝိသေသ ထူးများနှင့် မြန်မာ့တို့၏အရိုးခံစိတ်ရင်းကို နှစ်သက်လေးစားဖွယ် မြင်ယောင်ကြားယောင်လာစေပါသည်။ ကြည်နူးပျော်ရွှင်ဖွယ်၊ အားရတက်ကြွဖွယ်၊ နှစ်သက်လေးစားဖွယ်၊ ချစ်ခင်တွယ်တာဖွယ် မြန်မာတို့၏ ရပ်တည်မှု ဂုဏ်ရည်ဂုဏ်သွေးများကို ရုပ်လုံးကြွ စိမ့်ဝင်လာစေပါသည်။

လမ်းညွှန်မှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံးများက ဆိုလိုရင်း ထင်ရှားစေသည်။ ထက်မြက်စေသည်။ မြန်မာတို့၏ စိတ်အားထက်သန်မှုကို ထင်ရှားစေသည်။

လောကဝတ်တာဝန် ထမ်းဆောင်သော ဘာသာစကားအသုံးများက မြန်မာလူမျိုးတို့၏ ဧည့်သည်အပေါ်ထားရှိသော သဘောထားနှင့် ဝတ္တရားကျေပွန်မှု၊ အလေးအနက်ထားမှုတို့ကို မြင်တွေ့လာစေသည်။

အလှဖန်တီးမှုတာဝန်ထမ်းဆောင်သော ဘာသာစကားအသုံးများက မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းကို ပိုမိုနှစ်သက်လာစေသည်။ စိတ်အာရုံညွတ်နူးလာစေသည်။ သီချင်း၏အနက် အဓိပ္ပာယ်ပေါ်လွင်မှုကို ပိုမိုလွယ်ကူစေသည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာ့စိတ်ရင်းမြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကားအသုံးများသည် မြန်မာတို့၏ဂုဏ်ရည်နှင့် မြန်မာတို့၏အရင်းခံစိတ်တို့ကို ပေါ်လွင်စေပြီး သီချင်း၏အနက် အဓိပ္ပာယ်ကို ပိုမိုအားကောင်း ခိုင်မာလာစေသည်။ ရုပ်ပိုင်းဆိုင်ရာ အေးချမ်းသာယာမှု သဘာဝတရားနှင့် စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းသာယာမှုရှိသော မြန်မာတို့၏ မူလဖြစ်တည်မှုကို ပေါ်လွင်စေသည်။ နားဆင်ရသူမြန်မာလူမျိုးတို့အတွက် စိတ်ခွန်အားကိုပေးစွမ်းပြီး ကြားမိသူတိုင်းအတွက် မြန်မာ့ရေမြေနှင့် မြန်မာလူမျိုးတို့၏ စိတ်နေစရိုက်သဘာဝ အပေါ် သိမြင်နားလည် ခံစားခွင့်ရစေမည်ဟု သုံးသပ်ပါသည်။

## နိဂုံး

ဤစာတမ်းသည် မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်းသီချင်းမှ ဘာသာစကားအသုံးများ၏ အလုပ်တာဝန်များကို အတ္ထဗေဒရှုထောင့်က လေ့လာထားခြင်း ဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် အချက်အလက်များကောက်ယူခြင်း၊ ရေတွက်ခြင်း၊ ကြိမ်နှုန်း၊ ရာခိုင်နှုန်းများ ဆန်းစစ်ခြင်း၊ အတ္ထဗေဒဆိုင်ရာနည်းစနစ်တို့ဖြင့် သုံးသပ်စိစစ်ခြင်းတို့ကို ဆောင်ရွက်ထားပါသည်။ ဤစာတမ်းသည် နိုင်ငံ့အကျိုးပြု ဘာသာစကား အကျိုးပြု စာတမ်းတစ်စောင် ဖြစ်ပြီး သီချင်းများကို အတ္ထဗေဒရှုထောင့်မှ ဆက်လက်လေ့လာလိုသူများအတွက် အထောက်အကူပြု စာတမ်းတစ်စောင် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း

ခင်အေး၊ဒေါက်တာ။ ။(၂၀၁၆)*အတ္ထဗေဒနိဒါန်း* ။ ရန်ကုန် ၊ the key collection။

မြန်မာစာအဖွဲ့ဦးစီးဌာန။(၂၀၀၈)။*မြန်မာအဘိဓာန်* ။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

ဟုတ်စိန်၊ဦး။(၁၉၉၉)။ *ပါဠိ-မြန်မာအဘိဓာန်*။ ရန်ကုန်၊ ချမ်းသာစာပေ။

Leech, Geoffery. (1986). Semantics (the study of meaning), Bungay, GichardClay (the Chaucer Press) Ltd.

Oxford. (2015). Leaner's Pocket Dictionary. Oxford; Oxford University Press.

Palmer, F, R. (1997). Semantics (a new outline). Cambridge, Greate Britain at the University Press.

**လေ့လာဖတ်ရှုသောစာအုပ်စာရင်း**

မြန်မာစာအဖွဲ့ဦးစီးဌာန။ ။မြန်မာသဒ္ဒါ ။(၂၀၀၅)ရန်ကုန်၊တက္ကသိုလ်များပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ဒေါက်တာ။။ လူမှုဘာသာဗေဒမိတ်ဆက်။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။ (၂၀၀၃)

အောင်မြင့်ဦး၊ဒေါက်တာ။။လူမှုဘာသာဗေဒ။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊မြန်မာစာဌာန။(၂၀၀၅)

## ကောက်နုတ်သည့်မူရင်းအကိုးအကားများ

| စဉ် | အကိုးအကား | စာမျက်နှာ |
|---|---|---|
| ၁ | the branch of linguistics and logic concerned with meaning. Concerned with the analysis of word meanings and relations between them. | ၂ |

## မြန်မာ့စိတ်ရင်း၊မြန်မာ့ရှုခင်း

တေးပြု/ စန္ဒရားလှထွဋ်

တစ်ရောင်ထဲမခြယ် …အရောင်ဝဲ . . လည် . .

တောနဲ့တောင်စွယ် လယ်ယာတလင်း… ရှုခင်းတွေက စုံလင်ပေတယ်

ရှေးမှုမပျက်တယ် ဆေးကုချက်ကယ်…စိမ်းမြမြ ယိမ်းကသလိုနှယ်

ပင်အို ပင်ပျိုတို့အလယ် . .ရှုလေ ချစ်သော ခရီး . . သည် . . .

* * *

တစ်ရောင်ထဲမခြယ်…အရောင်ဝဲ . . လည် . .

တောနဲ့တောင်စွယ် လယ်ယာတလင်း…ရှုခင်းတွေက စုံလင်ပေတယ်

ရှေးမှုမပျက်တယ် ဆေးကုချက်ကယ်…စိမ်းမြမြ ယိမ်းကသလိုနှယ်

ပင်အို ပင်ပျိုတို့အလယ် . .ရှုလေချစ်သော ခရီး . . သည် . . .

* * *

စေတီပုထိုး ဂူအမျိုးမျိုး . .ဒို့ . ဘိုးဘွား တည်ထားပါတယ်

ရှေး . . အခါက . ကွယ် . . .

ရွှေအို ရွှေမှေး . . ရွှေကိုယ်လေး . .ရွှေသူဌေးတို့ လှူခဲ့ပါတယ်

ဝင်း . . ဝါ လို့ ထည် . . .

* *

ဘယ်ညွှ့်သည်ငေးမဆုံး..တွေးမဆုံးဖွယ် . .

ကုန်း . . ကမူ လေး . . အထက်မယ်

ထုံး . . ဖြူကလေး မပြယ့်တပြယ် . .

တန်ဆောင်းပြာဿာဒ် ကျောင်းဇရပ်တွေနဲ့

ကောင်းမြတ်မနသီ ရှင်ကြည်မနော .

ရေကြည်လျှံမြ ကန်အလှဝယ် . .

ညနေညို…နှမမေပျို ရေချိုခပ်တယ်

အိုးစည်ဗုံမောင်း…ခြိမ့်ခြိမ့်ညောင်းလို့ရယ် . .

* * *

ဘယ်သူတွေဖျက် . . . မပျက်ခဲ့ပါ ကမ္ဘောကမ္ဘာဝယ် . .

အလှူရေစက်..လက်နဲ့မကွာ စေတနာကြွယ် . .

သဒ္ဒါမချို့လေတယ်..မြန်မာတို့ မြေနယ် . .

ပသာဒတွေ မယွင်းမစောင်း . . .

သဘာဝအခြေ အတင်းမပြောင်း . .

အသင်းအပေါင်း ကြည့်လေကွယ်

ကြည့်လေကွယ် သိစေမယ် . .

ဟန် . . မတင်း . .မာန် . . မပြင်း . .

ဖန်ဆင်းသည့် ပရိယာယ်မရှိတယ်

လာလော့ ဧည့်သည်.. . . . ရှုလော့ ဧည့်သည် . .

ကမ္ဘာထုအတွင်း . . ပမာပြု ရင်း . .

မြန်မာရှုခင်း . . မြန်မာစိတ်ရင်း အစင်းသိရမယ် . . .